
ဝန်ဇင်း
Read on the move
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
မောင်းတစ်လုံးမြဒင်

"အူငဲ အူငဲ အူငဲ မွေးပြီဟဲ့ မွေးပြီ ယောကျ်ားလေးဟ မျက်နှာကတော့ သူ့အဖေ လူမိုက်ကြီး အတိုင်းပဲအေ ချွတ်စွပ်ပဲ ဘယ်လိုများ ပုံစံရိုက်သွင်းခဲ့လဲ မသိပါဘူး" ဆိုတဲ့ စကားသံက အင်ဖက်မိုး၊ အင်ဖက် ကာထားတဲ့ တဲအိမ်လေးထဲကနေ ထွက်လာခဲ့တယ်။

"ဟဲ့ စိန်တင် ဒီနေ့ ဘာနေ့လဲ"

"မတင်မြင့်ရယ် ဒီနေ့ စနေနေ့လေ ခုနတုန်းကတောင် ရွာဦးကျောင်း က ဆရာတော် ဆွမ်းခံကြွသွား သေးတယ် မလား"

"အမလေး မွေးတဲ့ နေ့က စနေနေ့ မွေးတဲ့ အချိန်က နေ့လယ် ၁၁နာ ရီ ဒီကလေးကတော့ နေတက်ရေတက်ပဲဟေ့ သူ့အဖေလို လူမိုက် မဖြစ် ပါစေနဲ့ ပဲ ဆုတောင်း ရတော့မှာ ပဲ"

"မစိန်တင် မစိန်တင်လုပ်ဦး မြနု သတိမလည်တော့ဘူး မျက်ဖြူ စို က်နေပြီ ဟေ့ မြနု မြနု သတိထားလေ မြနု"

မစိန်တင်က မြနုပခုံးကို ကိုင်ပြီး လှုပ်နှိုးပေးမယ့် မြနုက မလှုပ် တော့ပေ မီးတွင်းထဲမှာ ပဲ မြနု လူ့ဘဝကို နှုတ်ဆက် သွားခဲ့တယ်။

မြနု၊ စိန်တင်၊ တင်မြင့်တို့ က ငယ်ငယ်လေးထဲက ကစားဖော် ကစား ဖက်တွေ အပျိုဖြန်းအရွယ် ရောက်လာတော့ မြနုက တစ်ရွာတည်းသား လူမိုက်သောင်းဒင်နဲ့ ချစ်သူတွေ ဖြစ်ခဲ့တယ်။

သူငယ်ချင်း မိဘတွေက အမျိုးမျိုး ဖျောင်းဖျပေမဲ့ မြနု လက်မခံခဲ့ဘူး လူမိုက်သောင်းဒင်ကိုပဲ တမ်းတမ်းစွဲ ချစ်ခဲ့တယ်။

မြနု ယောကျ်ားနောက် ခိုးပြေးတော့ မြနုမိဘတွေက အမွေပြတ် စွန့်လွှတ်ခဲ့ကြတယ်။

ဒီလိုနဲ့ မြနုရဲ့ ဘဝက ကြမ်းတမ်းခဲ့တယ် သောင်းဒင်ကတော့ မြနု ကိုယ်ဝန်ရခါစမှာ ပဲ ကြက်ဝိုင်းမှာ ရန်ဖြစ်ပြီး ဓားထိုးခံလိုက်ရတယ်။ ဓားထိုးခံရတဲ့ ဒဏ်ရာနဲ့ ပဲ သောင်းဒင် ဆုံးသွားတယ်။

အခုတော့ သောင်းဒင်နဲ့ သားလေးကိုမွေးပြီး မြနုလည်း မီးတွင်းထဲဆုံးခဲ့ရပြန်တယ် မြနုကို မြေချပြီးတဲ့ နေ့မှာ ပဲ ကလေးကို လှနုမိဘတွေက လာပြန်ခေါ် သွားကြတယ်။

ရွာက လူတွေကတော့ ကလေးကို သောင်းဒင် ဝင်စားတာတဲ့ ။

ပြောလည်း ပြောချင်စရာပဲ သောင်းဒင်မှ သောင်းဒင်မျက်နှာအကြောတင်းတာကအစ တစ်ပုံစံတည်း။

ရွာဦးကျောင်း ဆရာတော်က မြနုမိဘအိမ်ကို ဆွမ်းခံကြွရင်း ပုခက်ထဲက ကလေးကို တွေ့တော့ "ဟိုဘဝကနေ ဒီဘဝ ရောက်လာခဲ့ပြန်ပြီ ဒီဘဝမှာ လည်း အရင်ဘဝကလို မဆိုးမမိုက်ဖို့ ငယ်ငယ်တည်းက သွန်သင်ဖို့ လိုမယ် ဒီကလေးနာမည်ကို မြဒင်လို့ ပေးလိုက်မယ် သဘောတူရဲ့လား"

"တူပါတယ် အရှင်ဘုရား ကိုယ့်မြေး ဆိုတော့လည်း မပစ်ထားရက်ပါဘူး ဘုရား အရွယ်ရောက်တဲ့ ထိတော့ တတ်နိုင်သမျှ သွန်သင်ဆုံးမ သွားပါမယ် ဘုရား"

ဒီလိုနဲ့ မြဒင်တစ်ယောက် ပြေးလွှား ဆော့ကစားတတ်တဲ့ အရွယ်ကို ရောက်လာခဲ့တယ်။

အဖေတူသားလို့ မပြောရဘူး ထစ်ခနဲဆို မြဒင် တုတ်ထည့်လိုက်ပြီ

ပြေးလွှားတတ်တဲ့ အရွယ်ထဲက ခဲနဲ့ ထုလိုက်လို့ လာတိုင်တဲ့ သူနဲ့ မျက်နှာကို ကုတ်ဖဲ့လို့ လာတိုင်တဲ့ သူနဲ့ မြဒင်ပါပြီဆိုရင် ဘယ်သူမှ မဆော့ကြတော့ဘူး။

တဖြည်းဖြည်း အရွယ်ရောက်လာတော့ မြဒင်ဆိုတာ တစ်ရွာလုံးရဲ့ ချဉ်ဖတ် ဖြစ်လာတယ် မြေးဆိုးအဘွား တဖားဖား ဆိုသလိုပဲ မြဒင်မွှေသမျှကို ဒိုင်ခံ ရှင်းပေးနေရတာက သူ့အဘွား။

ရန်ဖြစ်ပြီဆိုရင် ဗေဒင်မမေးနဲ့ မြဒင်ပါတယ်။

ဘယ်အိမ်က ကြက်ပျောက်တယ်ဟေ့ ဆိုရင် မြဒင်က ထိပ်ဆုံးမှာ ။

ဒီလိုနဲ့ မြဒင်က ရွာလူမိုက် တစ်ယောက် ဖြစ်လာတယ် တစ်ခုရှိတာက မြဒင် ဘယ်လောက် မိုက်မိုက်ဆိုးဆိုး သူ့အဘွားကိုတော့ အရမ်းချစ်တယ်။

အဘွားနောက်ကွယ်မှာ သောင်းကျန်းရင် သောင်းကျန်းမယ် အဘွား အရှေ့ ရောက်ရင်တော့ မခုပ်တတ်တဲ့ ကြောင်တစ်ကောင်လို။

မြဒင်ဟေ့လို့ ဆိုလိုက်တာနဲ့ ရွာနီးချုပ်စပ်က ဘယ်ကာလသားမဆို ကြောက်ကြတယ်။

ဘယ်သူမှ မြဒင်နဲ့ မယှဉ်ရဲဘူး မြဒင်ရဲ့ လက်သီးချက် မိသူတိုင်း ပါးစောင်ရိုး ကျိုးသူကကျိုး နံရိုးကျိုးသူကကျိုးပဲ မြဒင်ရဲ့ ဘယ်ဘက်လက်ဖျံမှာ လက်ဖျံရိုးတစ်ချောင်းပဲ ပါတယ်လို့ ရွာကျောင်းက ဆရာတော်က ပြောဖူးတယ်။

လက်ဖျံရိုး တစ်ချောင်းတည်း ပါတဲ့ သူကို မောင်းတစ်လုံးလို့ ခေါ်ကြတယ် လက်ဖျံရိုး တစ်ချောင်းတည်း ပါတဲ့ သူကလည်း လူ၁၀၀၀မှာ တစ်ယောက် မရှိသလောက် ရှားတယ်လေ နဂိုထဲက ဆိုးချင် မိုက်ချင်တဲ့ သူ

ကို အတောင်တပ်ပေး လိုက်သလို ဖြစ်သွားတာပေါ့။

လူပျိုပေါက်အရွယ် ရောက်လာတော့ အချစ်ဆိုတဲ့ အရာကို မြဒင် သိလာခဲ့တယ် မြဒင် စိတ်ဝင်စားနေတဲ့ သူက ဟိုဘက် ရွာသူကြီးရဲ့ သမီး နှင်းဖြူတဲ့ နှင်းဖြူဆိုတဲ့ နာမည်နဲ့ လိုက်အောင် အသားအရေလေးက ဖြူဖွေးနူးညံ့နေတယ် ရုပ်ရည်ကလည်း မင်းကြိုက်စိုးကြိုက် ကိုယ်လုံး ကိုယ်ပေါက်ကလည်း အပြစ်ပြောစရာမရှိ နှင်းဖြူဆိုရင် ကာလသားတိုင်း စိတ်ဝင်စားကြတယ်။

မြဒင်ကတော့ နှင်းဖြူမှ နှင်းဖြူ မြဒင်မူးလာရင် ပြောတဲ့ စကားတစ်ခွန်း ရှိတယ် ဘာလဲဆိုတော့ "နှင်းဖြူကို တစ်နေ့ ငါ ပိုင်ဆိုင်ရမယ်" ဆိုတာပဲ။

ဒါပေမဲ့ နှင်းဖြူက မြဒင်ဆိုရင် ဘယ်လိုမှ ကြည့်မရ ကြည့်ရချင်လောက်အောင်လည်း အပိုးမှ မကျိုးတာ ထစ်ခနဲ ရန်ဖြစ်ပြီဆိုရင် မြဒင်နွားခိုးပေါ်တယ်ဟေ့ ဆိုရင်လည်း မြဒင် ထန်းရည်မူးပြီး ပြဿနာဖြစ်ပြီဟေ့ ဆိုရင်လည်း မြဒင်ပဲ ရပ်လုံးကျွတ် ရွာလုံးကျွတ် ချဉ်ဖတ်ဖြစ်နေတဲ့ မြဒင်ကို နှင်းဖြူ စိတ်မဝင်စားတာ မဆန်းဘူးလေ။

တစ်ရက်မှာ တော့ နှင်းဖြူတို့ ရွာမှာ ရှင်ပြုအလှူတစ်ခု လုပ်တယ် လယ်ပိုင်ရှင် သူဌေးတွေလုပ်တဲ့ ရှင်ပြုဆိုတော့ ဆိုင်းဝိုင်းတွေ အငြိမ့်တွေနဲ့ တကယ်ကို စည်ကားတဲ့ အလှူပွဲ ဖြစ်ခဲ့တယ်။

မြဒင်ကတော့ နှင်းဖြူတို့ ရွာမှာ လုပ်တဲ့ အလှူပွဲဆိုတော့ မဖြစ်မနေ သွားဖို့ တာဆူနေတယ် တစ်ဖက်မှာ လည်း မြဒင်လာရင် ဝိုင်းရိုက်ဖို့ လူစုပြီးသား ဟိုဘက်ရွာနဲ့ ဒီဘက်ရွာ ကာလသားတွေမှာ လည်း ကျောင်းတော်က ရန်စတွေ ရှိခဲ့ကြတယ် အဓိကက မြဒင် ဟိုဘက်ရွာသားတွေကို မြဒင်က ထန်းရည်ဆိုင်မှာ ခေါင်းရိုက်ခွဲခဲ့ဖူးတယ် ဒါကို မကျေနပ်တဲ့

ရွာသားတွေက မြဒင်လာရင် လက်စားချေဖို့ တုတ်တွေ ဓားတွေ လူတွေ အသင့် နေရာချထားပြီးသား ဒါကို မြဒင်မသိခဲ့ဘူး။

ဘန်ကောက်ပိုးပုဆိုးနဲ့ လည်ကတုံး ရှပ်အင်္ကျီအနက်ကို ကျနစွာဝတ်ပြီး ဟိုဘက်ရွာက အလှူကို ထွက်လာခဲ့တယ် အချိန်က ည နေစောင်းဆိုတော့ ထန်ရည်လေး တထွေထွေနဲ့ ပေါ့။

မြဒင်ဘေးမှာ တော့ ရပ်ကျော်ရွာကျော် ဆိုးတူကောင်းတူ သူငယ်ချင်း ၅ယောက် လောက် ပါလာခဲ့တယ်။